**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ**

**(တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ရရှိရန် လျှောက်ထားသည့် နိုင်ငံခြားသားနှင့်ပတ်သက်၍ မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ)**

**အမိန့်ကြော်ငြာစာအမှတ်၊ ၁/ ၂၀၂၀**

**၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၀ ရက်)**

မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီသည် တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၃၂၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

၁။ ဤလုပ်ထုံးလုပ်နည်းများကို **တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ရရှိရန် လျှောက်ထားသည့် နိုင်ငံခြားသားနှင့်ပတ်သက်၍ မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများပါ စကားရပ်များသည် တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ **ပုံစံ** ဆိုသည်မှာ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော ပုံစံကို ဆိုသည်။

၃။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၁၁-က၊ ပုဒ်မခွဲ(က)ပါ ကောင်စီက အသိအမှတ်ပြုသည့် ပြည်ပတက္ကသိုလ်တစ်ခုခုမှ တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် အလားတူ ဘွဲ့ရရှိသူ နိုင်ငံခြားသားသည်-

(က) တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ရရှိလိုပါက လျှောက်လွှာပုံစံ ဖ(က)တွင် အချက်အလက်များကို ပြည့်စုံစွာဖြည့်စွက်ပြီး ကောင်စီက တောင်းခံသော အခြား အထောက်အထား စာရွက်စာတမ်း **မိတ္တူ**များ ပူးတွဲ၍ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီက အကြောင်းကြားသည့်အချိန်တွင် အပိုဒ်ခွဲ(က)ပါ အထောက်အထား စာရွက်စာတမ်း **မူရင်း**များကို ကောင်စီသို့ တင်ပြရမည်။

၄။ ကောင်စီသည် အပိုဒ် ၃၊ အပိုဒ်ခွဲ(က)အရ လျှောက်ထားသည့် ပုံစံ ဖ(က)ကို လက်ခံရရှိသည့်အခါ-

(က) အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားခြင်း ရှိ မရှိ နှင့် ရရှိထားသည့် တိရစ္ဆာန်ဆေးပညာဘွဲ့နှင့်အလားတူ ဘွဲ့အတွက် ဘွဲ့လက်မှတ်အပါအဝင် ကောင်စီက တောင်းခံထားသော ပူးတွဲတင်ပြရမည့် အထောက်အထားစာရွက်စာတမ်းများ ပြည့်စုံမှန်ကန်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ခ) ဖော်ပြထားသော အချက်အလက်များနှင့်စပ်လျဉ်း၍ လိုအပ်သည့်အထောက်အထားများကို သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းနှင့် တက္ကသိုလ်တို့မှ တောင်းခံနိုင်သည်။

(ဂ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် တက္ကသိုလ်တို့မှ လိုအပ်သော အထောက်အထားများ ရယူ တင်ပြရန် လျှောက်ထားသူအား ညွှန်ကြားနိုင်သည်။

(ဃ) မှတ်ပုံတင်ပေးရန် ခွင့်ပြုကြောင်း၊ ငြင်းပယ်ကြောင်း သို့မဟုတ် ကောင်စီ၏ အဆုံးအဖြတ်ကို လျှောက်ထားသူထံ အကြောင်းကြားရမည်။

(င) အပိုဒ်ခွဲ(ဃ) အရ မှတ်ပုံတင်ပေးရာတွင် လုပ်ကိုင်ခွင့်ပြုသော တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာအမျိုးအစားနှင့် အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသော နေရာဒေသ၊ လုပ်ကိုင်ခွင့်ပြုသော အချိန်ကာလနှင့် အခြားစည်းကမ်းများကို သတ်မှတ်နိုင်သည်။

၅။ (က) ကောင်စီသည် တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၁၁-က၊ ပုဒ်မခွဲ(ခ)ပါ ကောင်စီက အသိအမှတ်ပြုထားခြင်းမရှိသည့် ပြည်ပတက္ကသိုလ်တစ်ခုခုမှ တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် အလားတူ ဘွဲ့ရရှိသူ နိုင်ငံခြားသားတိရစ္ဆာန်ဆေးကုဆရာဝန်က မှတ်ပုံတင်ခွင့်ပြုရန် အလို့ငှာ အရည်အချင်းစစ် စာမေးပွဲဖြေဆိုခွင့် လျှောက်ထားလာလျှင် စစ်ဆေးနိုင်ရေး အတွက် အရည်အချင်းစစ်ဆေးရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ကောင်စီဝင် ၁ ဦး | ဥက္ကဋ္ဌ |
| (၂) | တိရစ္ဆာန်ဆေးကုဆရာဝန် ၂ ဦးမှ ၃ ဦးထိ | အဖွဲ့ဝင်များ |
| (၃) | အဖွဲ့ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |

(ခ) ကောင်စီသည်-

(၁) ယင်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

(၂) လိုအပ်ပါက အပိုဒ်ခွဲ(က)အရ ဖွဲ့စည်းသည့်အဖွဲ့ကို ပြင်ဆင်၊ တိုးချဲ့ ဖွဲ့စည်းနိုင်သည်။

(ဂ) အရည်အချင်းစစ်ဆေးရေးအဖွဲ့၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

၆။ တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေ ပုဒ်မ ၁၁-က၊ ပုဒ်မခွဲ(ခ)ပါ ကောင်စီက အသိအမှတ်ပြုထားခြင်းမရှိသည့် ပြည်ပတက္ကသိုလ်တစ်ခုခုမှ တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် အလားတူဘွဲ့ရရှိသူ နိုင်ငံခြားသားသည်-

(က) တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ရရှိလိုပါက အရည်အချင်းစစ်စာမေးပွဲ ဖြေဆို ခွင့်ပြုရန်လျှောက်လွှာ ပုံစံ ၁၃ တွင် အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်ပြီး

ကောင်စီက တောင်းခံသော အခြားအထောက်အထားစာရွက်စာတမ်း **မိတ္တူ**များ ပူးတွဲ၍ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီက အကြောင်းကြားသည့်အချိန်တွင် အပိုဒ်ခွဲ(က)ပါ အထောက်အထားစာရွက်စာတမ်း **မူရင်း**များကို ကောင်စီသို့ တင်ပြရမည်။

၇။ ကောင်စီသည် အပိုဒ် ၆ အရ လျှောက်ထားသည့် ပုံစံ ၁၃ ကို လက်ခံရရှိသည့်အခါ-

(က) အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားခြင်း ရှိ မရှိနှင့် ရရှိထားသည့် တိရစ္ဆာန်ဆေးပညာ ဘွဲ့နှင့် အလားတူဘွဲ့အတွက် ဘွဲ့လက်မှတ်အပါအဝင် ကောင်စီက တောင်းခံထားသော ပူးတွဲတင်ပြရမည့် အထောက်အထားစာရွက်စာတမ်းများ ပြည့်စုံမှန်ကန်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ခ) ဖော်ပြထားသော အချက်အလက်များနှင့်စပ်လျဉ်း၍ လိုအပ်သည့်အထောက်အထားများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် တက္ကသိုလ်တို့မှ တောင်းခံနိုင်သည်။

(ဂ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် တက္ကသိုလ်တို့မှ လိုအပ်သော အထောက်အထားများရယူတင်ပြရန် လျှောက်ထားသူအား ညွှန်ကြားနိုင်သည်။

(ဃ) အပိုဒ်ခွဲ(က)ပါ အတိုင်း စိစစ်ချက်အရ-

(၁) အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရန် ခွင့်ပြုကြောင်း၊ ငြင်းပယ်ကြောင်း သို့မဟုတ် ကောင်စီ၏ အဆုံးအဖြတ်ကို လျှောက်ထားသူထံ အကြောင်းကြားရမည်။

(၂) အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုခွင့်ရရှိသူထံ စာမေးပွဲကျင်းပမည့် အစီအစဉ်နှင့် စာမေးပွဲကြေး ပေးသွင်းရမည့်နည်းလမ်းကို ကြိုတင်အကြောင်းကြားရမည်။

(င) အရည်အချင်းစစ်ဆေးရေးအဖွဲ့ထံမှ စာမေးပွဲအောင်စာရင်းကို ရရှိလျှင် စာမေးပွဲ ဖြေဆိုသူထံ အကြောင်းကြားရမည်။

(စ) အပိုဒ်ခွဲ (င)အရ စာမေးပွဲကျရှုံးကြောင်း၊ အကြောင်းကြားခံရသူက အရည်အချင်းစစ်စာမေးပွဲ ထပ်မံဖြေဆိုခွင့်ပြုရန် လျှောက်ထားပါက ခွင့်ပြုကြောင်း၊ ခွင့်မပြုကြောင်း ကောင်စီ၏ ဆုံးဖြတ်ချက်ကို လျှောက်ထားသူထံ အကြောင်းကြားရမည်။

၈။ အပိုဒ် ၇၊ အပိုဒ်ခွဲ(င)အရ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူသည်-

(က) တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်လွှာ ပုံစံ ၆(ခ)တွင် အချက်အလက်များကို ပြည့်စုံစွာဖြည့်စွက်ပြီး ကောင်စီက တောင်းခံသော အခြားအထောက်အထား စာရွက်စာတမ်း **မိတ္တူ**များ ပူးတွဲ၍ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီက အကြောင်းကြားသည့်အချိန်တွင် အပိုဒ်ခွဲ(က) ပါ အထောက်အထားစာရွက်စာတမ်း **မူရင်း**များကို ကောင်စီသို့ တင်ပြရမည်။

၉။ ကောင်စီသည်-

(က) အပိုဒ် ၈၊ အပိုဒ်ခွဲ(က)အရ လျှောက်ထားသည့် ပုံစံ ၆(ခ)ကို လက်ခံရရှိသည့်အခါ အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားခြင်းရှိ မရှိ နှင့် ကောင်စီက တောင်းခံထားသော ပူးတွဲတင်ပြရမည့် အထောက်အထားစာရွက်စာတမ်းများ ပြည့်စုံမှန်ကန်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ခ) မှတ်ပုံတင်ပေးရန် ခွင့်ပြုကြောင်း၊ ငြင်းပယ်ကြောင်း သို့မဟုတ် ကောင်စီ၏ ဆုံးဖြတ်ချက်ကို အပိုဒ်ခွဲ (က)အရ လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ဂ) အပိုဒ်ခွဲ(ခ) အရ မှတ်ပုံတင်ပေးရာတွင် လုပ်ကိုင်ခွင့်ပြုသော တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာ အမျိုးအစားနှင့် အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသောနေရာဒေသ၊ လုပ်ကိုင်ခွင့်ပြုသော အချိန်ကာလနှင့် အခြားစည်းကမ်းများ သတ်မှတ်နိုင်သည်။

၁၀။ မှတ်ပုံတင်အရာရှိသည်-

(က) မှတ်ပုံတင်ပေးရန် ခွင့်ပြုချက်ရရှိသူထံမှ မှတ်ပုံတင်ကြေးလက်ခံရရှိလျှင် တိရစ္ဆာန်ဆေးကုဆရာဝန် မှတ်ပုံတင်စာရင်း ပုံစံ ၇ (က) တွင် အမှတ်စဉ်ရှေ့၌ “တဆမ-အက်ဖ် (TaSaMa-F)” ဟု ဖော်ပြပြီး မှတ်ပုံတင်ရမည်။

(ခ) တိရစ္ဆာန်ဆေးကုဆရာဝန် မှတ်ပုံတင်စာရင်း ပုံစံ ၇(က)တွင် စာမျက်နှာအသီးသီး၌ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။

(ဂ) တိရစ္ဆာန်ဆေးကုဆရာဝန် မှတ်ပုံတင်လက်မှတ် ပုံစံ ၈(က)ကို ကောင်စီဥက္ကဋ္ဌနှင့် မိမိတို့က လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာလျှောက်ထားသူအား ထုတ်ပေးရမည်။

၁၁။ ကောင်စီသည် သက်ဆိုင်ရာလျှောက်ထားသူအား အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိလျှင် မှတ်ပုံတင်ပေးခြင်းကို ကာလအကန့်အသတ်ဖြင့်ဖြစ်စေ၊ အမြဲတမ်းဖြစ်စေ ငြင်းပယ်နိုင်သည်-

(က) မမှန်မကန် အချက်အလက်များ ဖော်ပြလျှောက်ထားခြင်း၊

(ခ) တိရစ္ဆာန်ဆေးပညာဆိုင်ရာ လုပ်ငန်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော ကျင့်ဝတ်များကို မစောင့်ထိန်းကြောင်း သို့မဟုတ် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ခိုင်လုံသည့် အထောက်အထားတွေ့ရှိခြင်း၊

(ဂ) ကိုယ်အင်္ဂါ ချွတ်ယွင်းခြင်းကြောင့်ဖြစ်စေ၊ အခြားရောဂါဝေဒနာ စွဲကပ်ခြင်းကြောင့်ဖြစ်စေ တိရစ္ဆာန် ဆေးပညာကို မှန်ကန်စွာ အသုံးချနိုင်မှု အခြေအနေ မရှိခြင်း၊

(ဃ) မူးယစ်ဆေးဝါးသုံးစွဲသူဖြစ်ခြင်း၊

(င) အကျင့်စာရိတ္တ ပျက်ပြားရာရောက်သည်ဟု ဤကိစ္စအလို့ငှာ ကောင်စီက သတ်မှတ်ကြေညာသည့် ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး၏ ပြစ်မှုထင်ရှား စီရင်ခံရခြင်း၊

၁၂။ (က) တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ပေးခြင်းကို ကာလအကန့်အသတ်ဖြင့် ငြင်းပယ်ခြင်းခံရသူသည် ယင်းကာလကုန်ဆုံးသည့်အခါ တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ရရှိရန် ကောင်စီသို့ ပြန်လည်လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် အပိုဒ်ခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ချက်နှင့် ညီညွတ်ပါက တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ပြုရမည်။

၁၃။ မှတ်ပုံတင်လက်မှတ်၏ သက်တမ်းသည် အပိုဒ် ၄၊ အပိုဒ်ခွဲ(င) သို့မဟုတ် အပိုဒ် ၉၊ အပိုဒ်ခွဲ(ဂ)ပါ အချိန်ကာလသတ်မှတ်ချက်အတိုင်း ဖြစ်သည်။

၁၄။ (က) မှတ်ပုံတင်ထားသူသည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းထံမှ မြန်မာနိုင်ငံဆိုင်ရာ ပြည်ဝင်ခွင့် ဗီဇာ(Entry Visa) လျှောက်ထားရာတွင် ကောင်စီက အပိုဒ် ၄၊ အပိုဒ်ခွဲ(င) သို့မဟုတ် အပိုဒ် ၉၊ အပိုဒ်ခွဲ (ဂ) အရ လုပ်ကိုင်ခွင့်ပြုထားသော တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာ၊ နေရာဒေသ၊ အချိန်ကာလနှင့် သတ်မှတ်ထားသော စည်းကမ်းများနှင့် ညီညွတ်သည့် ထိုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ပြည်ဝင်ခွင့် ဗီဇာအမျိုးအစားကို လျှောက်ထားရယူရမည်။

(ခ) မှတ်ပုံတင်ထားသူ ရရှိထားသော ပြည်ဝင်ခွင့်ဗီဇာသည် ကောင်စီက အပိုဒ် ၄၊ အပိုဒ်ခွဲ(င) သို့မဟုတ် အပိုဒ် ၉၊ အပိုဒ်ခွဲ(ဂ) အရ ခွင့်ပြုချက်၊ သတ်မှတ်ချက်များနှင့် ညီညွတ်မှု မရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ကောင်စီသည် ထုတ်ပေးထားသော မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ဖြစ်စေ၊ အမြဲတမ်း ဖြစ်စေ ရုပ်သိမ်းခွင့်ရှိသည်။

၁၅။ မှတ်ပုံတင်ထားသူသည်-

(က) မှတ်ပုံတင်လက်မှတ်ကို သက်တမ်းတိုးလိုပါက သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ လျှောက်လွှာပုံစံ ၉(က)တွင် ပြည့်စုံမှန်ကန်စွာ ဖော်ပြပြီး ကောင်စီသို့ လျှောက်ထားရမည်။

(ခ) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ကောင်စီက ခွင့်ပြုလျှင် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခကို ပေးသွင်းရမည်။

၁၆။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ထားသည့် အခကြေးငွေကို လက်ခံရရှိလျှင် မှတ်ပုံတင်လက်မှတ် **ပုံစံ ၈(က)** တွင် လက်မှတ်ရေးထိုးပြီး သက်တမ်း တိုးမြှင့်ပေးရမည်။

၁၇။ ကောင်စီသည် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စိစစ်ရာတွင်-

(က) အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားခြင်း ရှိ မရှိ နှင့် လုပ်ထုံးလုပ်နည်း အပိုဒ် ၁၁ ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းခြင်း ရှိ မရှိ စိစစ်ရမည်။

(ခ) အပိုဒ်ခွဲ(က)ပါ အတိုင်း စိစစ်ချက်အရ ငြင်းဆိုစွန်းကြောင်း သို့မဟုတ် ဖြစ်ပေါ်ကြောင်း ခိုင်လုံသည့် အထောက်အထားတွေ့ရှိလျှင် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးခြင်းကို ကာလအကန့်အသတ် ဖြင့်ဖြစ်စေ၊ အမြဲတမ်းဖြစ်စေ ငြင်းပယ်နိုင်သည်။

၁၈။ (က) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးခြင်းကို ကာလအကန့်အသတ်ဖြင့် ငြင်းပယ်ခြင်းခံရသူသည် ယင်းကာလကုန်ဆုံးသည့်အခါ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများပူးတွဲ၍ ကောင်စီသို့ ပြန်လည်လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် အပိုဒ်ခွဲ(က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုရမည်။

၁၉။ (က) မှတ်ပုံတင်လက်မှတ်ရရှိသူသည် မိမိလက်မှတ်ပျောက်ဆုံးသည့်အခါ မှတ်ပုံတင်လက်မှတ်မူရင်းခွဲရယူရန် သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ထောက်ခံချက်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ တိရစ္ဆာန်ဆေးပညာဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ ထောက်ခံချက်တို့ကို ပူးတွဲ၍ ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် အပိုဒ်ခွဲ(က) အရ လျှောက်ထားချက်ကို စိစစ်ပြီး မှတ်ပုံတင်လက်မှတ်မူရင်းခွဲထုတ်ပေးရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အဆုံးအဖြတ်ပေးရမည်။

(ဂ) အပိုဒ်ခွဲ(ခ)အရ မှတ်ပုံတင်လက်မှတ်မူရင်းခွဲ ထုတ်ပေးရန် ခွင့်ပြုကြောင်း ဆုံးဖြတ်လျှင် မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်လက်မှတ်မူရင်းခွဲ ထုတ်ပေးခ ပေးသွင်းရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်လက်မှတ် မူရင်းခွဲ ထုတ်ပေးခ လက်ခံရရှိလျှင် မူရင်းခွဲတံဆိပ် ရိုက်နှိပ်၍ မှတ်ပုံတင်လက်မှတ်မူရင်းခွဲကို လျှောက်ထားသူအား ထုတ်ပေးရမည်။

(င) မှတ်ပုံတင်လက်မှတ်ရရှိသူသည် အမည်၊ မြန်မာနိုင်ငံတွင် နေထိုင်သည့် လိပ်စာ သို့မဟုတ် ပြည်ပတွင် နေထိုင်သည့်လိပ်စာ ပြောင်းလဲပါက ကောင်စီသို့ ချက်ချင်း အကြောင်းကြားရမည်။

၂၀။ (က) မှတ်ပုံတင်ထားသူသည် မှတ်ပုံတင်ပြီးနောက်မှ ထပ်မံရရှိသော တိရစ္ဆာန်ဆေးပညာဆိုင်ရာ ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် အသိအမှတ်ပြုလွှာကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းပေးရန် သက်ဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများနှင့်အတူ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီသည် အပိုဒ်ခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်၍-

(၁) အသိအမှတ်ပြုပါက မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းပေးရမည်။

(၂) အသိအမှတ်မပြုပါက အသိအမှတ်မပြုကြောင်း လျှောက်ထားသူထံ အကြောင်း ကြားရမည်။

၂၁။ မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးမြှင့်ခ၊ မှတ်ပုံတင်လက်မှတ် မူရင်းခွဲထုတ်ပေးခ တို့သည် ကောင်စီက သတ်မှတ်သည့်အတိုင်း ဖြစ်သည်။

၂၂။ ကောင်စီသည် အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပါက မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက် ကြောင်း အမိန့်ချမှတ်ရမည်-

(က) မှတ်ပုံတင်ထားသူ သေဆုံးခြင်း၊

(ခ) မှတ်ပုံတင်ထားသူက ပယ်ဖျက်ခွင့်တောင်းခံခြင်း၊

(ပုံ) ပါမောက္ခဒေါက်တာမြင့်သိန်း

ဥက္ကဋ္ဌ

မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ